
Burmese Version


# အမေရိကန်နိုင်ငံ အိမ်ရာလမ်းညွှန်

## အနှစ်ချုပ်



အမေရိကန်နိုင်ငံသို့ရောက်လျှင် သင်၏ အိမ်သည် တီဗီရှိုးများ၊ ရုပ်ရှင်များ၊ ကြော်ငြာများတွင် တွေ့ရသကဲ့သို့ မဟုတ်ကြောင်း သိရန် လိုအပ်သည်။ အမေရိကန်နိုင်ငံရှိ လူအများစုသည် အိမ်ငယ်လေးများနှင့် တိုက်ခန်းများတွင် ရိုးရိုးကုတ်ကုတ်သာ နေထိုင်ကြသည်။ အမေရိကန်နိုင်ငံတွင် နေအိမ်မလုံလောက်မှု ရှိကြောင်း သင်သိရန်လည်း အရေးကြီးသည်။ အိမ်ရှာနေသူများ အတွက် ရနိုင်သည့် နေအိမ်များ အလုံအလောက် မရှိဘဲ—အထူးသဖြင့် အဖိုးနည်း အိမ်ရာများ မလုံလောက်ပါ။

## အမေရိကန်နိုင်ငံတွင် သင်၏ ပထမဆုံးအိမ်ရာကို နားလည်ခြင်း




သင် အမေရိကန်နိုင်ငံသို့ ရောက်ရှိချိန်တွင် သင့်အား ယာယီနေရာဖြစ်သော ဟိုတယ်၊ တက္ကသိုလ်ဝင်း၊ သို့မဟုတ် ပရိဘောဂပါသည့် တိုက်ခန်းတွင် နေရာချထားနိုင်သည်။ ယာယီအိမ်ရာသည် အများအားဖြင့် သွားလာရ လွယ်ကူသည့် နေရာတွင် ဖြစ်ပြီး အခြေခံလိုအပ်သည့် ပရိဘောဂ၊ ပန်းကန်အိုးခွက်၊ အဝတ်လျှော်ရန်နေရာနှင့် အခြား လိုအပ်ချက်များ ပါရှိသည်။ သင်သည် အမြဲတန်းနေထိုင်ရန် အိမ်ရာကို ရှာနေစဉ် အတွင်း ယာယီအိမ်ရာတွင် သီတင်းပတ် အနည်းငယ် သို့မဟုတ် လအနည်းငယ်နေထိုင်ရနိုင်သည်။



သင်သည် အမြဲတန်းနေထိုင်ရန် အိမ်ရာကို ရှာနေစဉ် အတွင်း ယာယီအိမ်ရာတွင် သီတင်းပတ် အနည်းငယ် သို့မဟုတ် လအနည်းငယ်နေထိုင်ရနိုင်သည်။ သင်၏ ပထမအိမ်ရာသည် ယာယီဖြစ်စေ ရေရှည်ဖြစ်စေ သင်နှင့် သင့်မိသားစုအား သင်တို့နှင့် ကျွမ်းဝင်သည့် အစားအသောက်နှင့် ကြိုဆိုမည်ဖြစ်ပြီး မီးဖိုဆောင်တွင်ယင်း အခြေခံ အစားအသောက်များကို ထည့်ပေးထားမည် ဖြစ်သည်။ အိမ်တွင် တစ်ကိုယ်ရည်သုံး သန့်ရှင်းရေးပစ္စည်းနှင့် အိမ်သန့်ရှင်းရေးလုပ်ရန် ပစ္စည်းများ ရှိပါမည်။

## ရေရှည်နေထိုင်မည့် အိမ်ရာ ရှာဖွေခြင်း




အမေရိကန်နိုင်ငံတွင် အိမ်ရာများသည် အများအားဖြင့် ဈေးကြီးကာ လုံခြုံ သန့်ရှင်းပြီး ဈေးသက်သာသည့် နေရာတွင် ရရှိရန် ခက်ခဲနိုင်ပါသည်။ အမေရိကန်နိုင်ငံတွင် ရေရှည်နေထိုင်မည့် အိမ်ရာ ရှာဖွေရာတွင် လက်တွေ့ကျကျ မျှော်လင့်ချက်များ ထားရှိမှုနှင့် ညှိနှိုင်းမှုများ ပြုလုပ်ရန် လိုအပ်သည်။ နေရာ၊ အရွယ်အစား၊ သွားလာရေးလွယ်ကူမှု၊ သက်သောင့်သက်သာ ရှိမှုတို့သည် သင်၏ လစဉ်ဝင်ငွေနှင့် ညီညွတ်ရန် လိုသည်။ အိမ်ရာကုန်ကျစရိတ်သည် မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ သင့်လစဉ်အသုံးစရိတ်၏ အကြီးမားဆုံး အစိတ်အပိုင်း ဖြစ်သည်။



သင် အမေရိကန်နိုင်ငံသို့ ဦးစွာရောက်ရှိချိန်တွင် သင်၏ဝင်ငွေသည် နည်းပါးနိုင်ပါသည်။ သင်တတ်နိုင်သည့် ပထမဆုံးအိမ်ရာသည် သင်မျှော်လင့်ထားသည်များ အားလုံးနှင့် ကိုက်ညီမည် မဟုတ်ပါ။ အကယ်၍ သင်သည် အမေရိကန်ရောက်ပြီး ပထမ သီတင်းပတ်များတွင် အခန်းငှား၊ ဟိုတယ်တို့ကဲ့သို့သော ယာယီအိမ်ရာတွင် နေထိုင်ခဲ့ပါက သင် ငှားရမ်းမည့် ရေရှည်အိမ်ရာသည် ၎င်းတို့လောက် ကောင်းမွန်မည် မဟုတ်ပါ။



အချိန်ကြာလာသည်နှင့် အမျှ သင်၏ ဝင်ငွေ၊ ခရက်တစ် အမှတ်နှင့် စုဆောင်းငွေများတိုးလာလျှင် ပို၍ ကောင်းမွန်သော အိမ်ရာကို တွေ့နိုင်ပါသည်။ သင့်အသိုင်းအဝိုင်းအတွင်း အိမ်ရာရှာဖွေခြင်း လုပ်ငန်းစဉ်ကို လေ့လာသိရှိခြင်းအားဖြင့် သင်လိုလားသော အိမ်ရာကို အနာဂတ်တွင် ရှာဖွေရာ၌ ပိုမို လွယ်ကူနိုင်ပါသည်။

အဖိုးနည်း အိမ်ရာ မလုံလောက်မှုသည် ပြည်နယ် ၅၀ စလုံးတွင် ဖြစ်ပေါ်နေပြီး ဒုက္ခသည်များနှင့် လူသစ်များအပေါ်တွင်သာ မဟုတ်ဘဲ အမေရိကန် နိုင်ငံသားများအပေါ်တွင်လည်း သက်ရောက်နေပါသည်။

## သင်လိုအပ်သည့် အိမ်ရာကို သိရှိခြင်း

အိမ်ရာရှာဖွေခြင်း မစတင်မီ သင်လိုအပ်သည့် အိမ်ရာကို သိရှိသင့်ပါသည်။ အောက်ပါတို့မှာ အိမ်ရာရှာဖွေရာတွင် သိရမည့် အချက်များ ဖြစ်သည်။ အဆိုပါ လိုအပ်ချက်များကို သိရှိရန်-




အိမ်ငှားခ မည်မျှတတ်နိုင်မည်ကို သင်၏ ဝင်ငွေထွက်ငွေ စာရင်းဖြင့် စဉ်းစားပြီး အပိုဆောင်းကုန်ကျနိုင်မည့် စရိတ်များကိုလည်း နားလည် သိရှိရပါမည်။ သင်က အိမ်တစ်အိမ်ကို ငှားမည်ဆိုလျှင် အပိုဆောင်း လစဉ်စရိတ်များဖြစ်သည့် ရေမီးစသည့်စရိတ်များ သို့မဟုတ် အာမခံများကို ထည့်သွင်းစဉ်းစားပါ။



သင်လိုအပ်သည့် အိမ်၏ အရွယ်အစားကို စဉ်းစားပါ။ လိုအပ်မည့် အခန်းအရေအတွက်၊ သင့်ကားရပ်ရန် နေရာလည်း ပါဝင်သည်။



တည်နေရာသည် သင့်မိသားစု လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိ သင့်ကိုယ်သင် မေးပါ။ ဥပမာ- အလုပ်နှင့် ကျောင်းသို့ သွားမည့် ခရီး အကွာအဝေးနှင့် အများသုံးယာဉ် ရှိမရှိ ဖြစ်သည်။ အကယ်၍ သင် သို့မဟုတ် သင့်မိသားစုဝင် တစ်ဦးအတွက် ဝင်ထွက် သွားလာရေး အထူးအစီအမံ လိုအပ်ပါက သင်၏ အိမ်ရာသည် ၎င်းလိုအပ်ချက်နှင့် ပြည့်မီမှု ရှိရပါမည်။




လုံခြုံသော ရပ်ကွက်ဝန်းကျင်သို့ သွားရောက်နိုင်ခြင်းနှင့် အရေးပေါ်ဝန်ဆောင်မှုများဖြစ်သည့် ရဲနှင့် ဆေးရုံ သို့မဟုတ် ဆေးခန်းတို့ အနီးအနားတွင် ရှိကြောင်း သေချာပါစေ။



မိသားစုတိုင်း၏ အခြေအနေများ ကွဲပြားကြပြီး လိုအပ်ချက်များလည်း မတူကြပါ။ ဤမေးခွန်းများက သင် သို့မဟုတ် သင့်မိသားစု၏ သီးသန့်လိုအပ်ချက်များကို သိရှိနိုင်ရန် ကူညီပေးပြီး မည်သို့သော အိမ်ရာက အကောင်းဆုံးဖြစ်မည်ကို နားလည်စေသည်။

**Cultural Orientation Resource Exchange**

For more information, visit Settle In at settleinus.org.

Refugee Housing SOLUTIONS
CORE Cultural Orientation Resource Exchange
INTERNATIONAL RESCUE COMMITTEE

This resource was created in partnership with Refugee Housing Solutions. Refugee Housing Solutions is a project of Church World Service under an agreement paid for by the U.S. Department of State.